AUSCO

# ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင် ကျင့်သားရစေခြင်းဆိုင်ရာ အစီအစဉ် သင်တန်း

## အိမ်ရာ

ဩစတြေးလျားတွင် သင်၏ အစအဦး နေရာထိုင်ခင်းသည် ပထမရက်သတ္တပတ်များအတွက် ယာယီအတွက် ဖြစ်နိုင်ဖွယ်ရှိပါသည်။ သင့်အမှုတွဲလုပ်သား သို့မဟုတ် သင့်အား အဆိုပြုသူက ၎င်းကို စီစဉ်ခဲ့လိမ့်မည်ဖြစ်ပါသည်။ ဩစတြေးလျားသို့ ရောက်လာပြီးနောက် ခြောက်လအတွင်း သင်သည် ရေရှည်ကာလ သို့မဟုတ် အမြဲတမ်းအတွက် နေထိုင်ရန် အိမ်ရှာရပါလိမ့်မည်။ နေရာထိုင်ခင်းကို အိမ်မြေကိုယ်စားလှယ်များ၊ သင့်အမှုတွဲလုပ်သား၊ သင့်အား အဆိုပြုသူ သို့မဟုတ် သင့်မိတ်ဆွေမှတဆင့် ရှာဖွေနိုင်ပါသည်။

ဩစတြေးလျား၏ မြို့ကြီးများနှင့် မြို့ငယ်များတွင် အိပ်ခန်းတစ်ခုပါ တိုက်ခန်းငယ်များမှစပြီး အိမ်ကြီးများအထိအဆုံး၊ အမျိုးစုံလင်သော အိမ်ရာပေါင်းမျိုးစုံရှိပါသည်။ မြို့ကြီးများ၌ မြင့်မားသော တိုက်ခန်းအစုအဝေးများ နှင့် ပစ္စည်းပစ္စယပေါင်းစုံ ထားရှိပြီး ကြီးမားသော ပူးတွဲထားသည့် အဆင့်မြင့်သီးသန့်တိုက်အိမ်များကို သာမန်အားဖြင့် တွေ့ရလေ့ရှိပါသည်။ ဆင်ခြေဖုံးများ၌ ပူးတွဲထားသည့် အဆင့်မြင့် သီးသန့်တိုက်အိမ်များ၊ အိမ်ကြီး၊ အိမ်ငယ်များကို သာမန်အားဖြင့် တွေ့ရတတ်ပြီး၊ ကျေးလက်မြို့များတွင်မူ လူများသည် စိုက်ပျိုးမွေးမြူရေးအရပ်ပုံစံ အိမ်များ သို့မဟုတ် ကျေးလက် အိမ်ငယ်များ၌ နေထိုင်ကြပါသည်။

ဩစတြေးလျားအိမ်များ၌ အများအားဖြင့် မီးဖိုခန်း၊ ဧည့်ခန်း၊ ရေချိုးခန်း၊ အဝတ်လျှော်ခန်း နှင့် အိပ်ခန်းအချို့ရှိတတ်ပါသည်။ ရေချိုးခန်း၌ အများအားဖြင့် ရေပန်းဖြင့် ရေချိုးရန်နေရာရှိတတ်ပြီး တစ်ခါတစ်ရံ၌ ရေချိုးကန်ရှိပါသည်။ အိမ်သာ သည် သီးခြားအခန်းငယ်တစ်ခု သို့မဟုတ် ရေချိုးခန်းထဲတွင် အတူ ရှိကောင်းရှိနိုင်ပါသည်။

### အိမ်ငှားခြင်း

သင်နေထိုင်နိုင်ရေးအတွက် နေရာထိုင်ခင်း ငှားရမ်းရန် လိုအပ်ပါလိမ့်မည်။ ဩစတြေးလျားမြို့ကြီးများ၌ အိမ်လခများ အလွန်ဈေးကြီးပြီး အစိုးရ၏အထောက်အပံ့ (စင်တာလင့်ခ်) ဖြင့်သော်လည်းကောင်း၊ သင့်အလုပ်ဝင်ငွေဖြင့်သော်လည်းကောင်း၊ သင့်အိမ်လခကို ပေးရန် သင့်ထံ၌ တာဝန်ရှိပါလိမ့်မည်။ မြို့၊ မြို့အတွင်း တည်ရှိနေရာ နှင့် သင် အိမ်လခ  မည်မျှတတ်နိုင်ခြင်းတို့အပေါ်မူတည်၍ သင်နေထိုင်မည့် အိမ်ပုံစံ နှင့် အရွယ် ကွာခြားပါလိမ့်မည်။ မြို့ကြီးဗဟိုချက်များ၊ ဆင်ခြေဖုံးများ နှင့် ဒေသန္တရ မြို့များမှ ဝေးကွာသည်နှင့်အမျှ အိမ်ရာများသည် အများအားဖြင့် အရွယ်အစား ပိုမိုကြီးမားပြီး အိမ်လခ ဈေးပိုသက်သာပါသည်။

အိမ်သို့မပြောင်းရွှေ့မီ သင့်အနေနှင့် ပထမလအတွက် အိမ်လခကို ပေးရပြီး၊ **အိမ်လခ အာမခံ** အပြင် စာချုပ်တစ်ခုကိုလည်း လက်မှတ်ရေးထိုးရပါလိမ့်မည်။

အိမ်လခ အာမခံ (အများအားဖြင့် တစ်လစာ အိမ်လခ) ကို တစ်ကြိမ်တည်းသာ ပေးရပါသည်။ ၎င်းသည် အကယ်၍သာ သင် အိမ်ရာကို ဖျက်စီးခဲ့လျှင် သို့မဟုတ် သဘောတူထားသည့် အချိန်မတိုင်မီ ထွက်ခွာသွားခဲ့လျှင် အာမခံ စရံငွေဖြစ်ပါသည်။ အကယ်၍သင် အိမ်ရာကို မဖျက်စီးခဲ့သည့်အပြင် စာချုပ်ကိုလည်း မချိုးဖောက်ခဲ့လျှင်၊ အိမ်မှ သင်ထွက်ခွာသည့်အခါ၌ ဤငွေကို သင်ပြန်ရရှိပါလိမ့်မည်။ အိမ်လခ အာမခံကိုပေးရာ၌ ငွေပထောက်အပံ့ကို သင်ရထိုက်ခွင့် ရှိကောင်းရှိပါလိမ့်မည်။ သင့်အမှုတွဲလုပ်သား သို့မဟုတ် နေရာထိုင်ခင်း ဝန်ဆောင်မှုများဆိုင်ရာ ကိုယ်စားလှယ်ထံမှ အကြံဉာဏ်တောင်းပါ။






အိမ်သို့မပြောင်းရွှေ့မီ ကြိုတင်၍ **အိမ်အခြေအနေ အစီရင်ခံစာ** တစ်ခုကို သင် ဖြည့်စွက်ရပါလိမ့်မည်။ ၎င်းမှာ သင် မပြောင်းရွှေ့မီ နေရာထိုင်ခင်း နှင့် အိမ်ပါ အသုံးအဆောင်ပစ္စည်းများ အခြေအနေ၏ မှတ်တမ်းဖြစ်ပါသည်။ သင်အိမ်မှ ထွက်ခွာသည့်အခါ၌ ရှိလိမ့်မည့်အခြေအနေသည် သင်ပြောင်းရွှေ့လာစဉ်ကအတိုင်းပင် ခပ်ဆင်ဆင် ထားရှိသင့်သည်ကို မျှော်လင့်ထားပါသည်။ မျှော်လင့်ထားသလိုဖြစ်က သင့် အိမ်လခ အာမခံကို ပြန်အမ်းပါလိမ့်မည်။

အိမ်ငှားရန် သင့်အိမ်ရာထိုင်ခင်းအတွက် **စာချုပ်** တစ်ခုကို လက်မှတ်ရေးထိုးရပါလိမ့်မည်။ ၎င်းမှာ သင်-**အိမ်ငှားသူ** – နှင့် အိမ်ရာထိုင်ခင်းပိုင်ရှင်- **အိမ်ရှင်** – တို့နှစ်ဦးအကြား ချုပ်ဆိုသည့် တရားဝင် စာရွက်စာတမ်းတစ်ခုဖြစ်ပါသည်။

ယင်းစာချုပ်သည် သင့် အိမ်လခ မည်မျှဖြစ်သည်၊ မည်သည့်အချိန်တွင်ပေးရမည် နှင့် သင် ဤအိမ်တွင် မည်မျှကြာ နေထိုင်လိမ့်မည် တို့ကို သတ်မှတ်ဖော်ပြထားခြင်းအားဖြင့် အိမ်ရှင် နှင့် အိမ်ငှား နှစ်ဦးလုံးကို ကာကွယ်ပေးပါသည်။ စာချုပ်ထဲတွင် မည်သူက လျှပ်စစ်မီး၊ ဓာတ်ငွေ့၊ တယ်လီဖုန်း နှင့် အခြားသော ဝန်ဆောင်မှုများ ကဲ့သို့ မည့်သည့် **အိမ်မှုအသုံးအဆောင်များ** အတွက် ငွေဆောင်ရမည်ကိုလည်း သတ်မှတ်ဖော်ပြထားပါသည်။

သင့်အိမ်လခ နှင့် အိမ်မှုအသုံးအဆောင်များ ကုန်ကျစရိတ်ကို အချိန်မီပေးရန်မှာ သင့်တာဝန်ဖြစ်ပါသည်။ သို့မဟုတ်က ဤဝန်ဆောင်မှုများအား ရပ်စဲလိုက်ပါလိမ့်မည် သို့မဟုတ် အိမ်ခလမပေးဘဲ အကြွေးတက်လာသည့်အတွက် သင့်အိမ်မှ ဆင်းပေးရလိမ့်မည့် အလားအလာရှိကောင်းရှိနိုင်ပါသည်။

သင်အိမ်၌ နေနေစဉ်ကာလအတွင်း၊ အိမ်ရှင်က နေရာထိုင်ခင်းကို စစ်ဆေးပိုင်ခွင့်ရှိပါသည်။ **စစ်ဆေးခြင်း** အချိန်များကို စာချုပ်ထဲ၌ အများအားဖြင့် ဖော်ပြထားလေ့ရှိပါသည်။ အိမ်ရှင်က အိမ် နှင့် ခြံမြေကို သင် သန့်ရှင်း သပ်ရပ်စွာထားခြင်း နှင့် အပျက်အစီး ရှိ၊မရှိ စစ်ဆေးပါလိမ့်မည်။

အကယ်၍သင်သည် အိမ်ကို သပ်ရပ်၊ သန့်ရှင်းစွာ ထိန်းသိမ်းမထားလျှင်၊ သင့်အိမ်နီးချင်းတို့က တိုင်တန်းနိုင်ဖွယ်ရှိသည် သို့မဟုတ် သင့်အိမ်ရှင်က သင့်ကိုပင် ဥပဒေအရ နှင်ထုတ်နိုင်ပါသည်။

## အိမ်ငှားများ၏ တာဝန်ဝတ္တရားများ

- အိမ်လခ အချိန်မီပေးခြင်း
- အိမ် သို့မဟုတ် တိုက်ခန်းကို ဂရုစိုက်ကြည့်ရှုခြင်း
- ပျက်စီးမှုတစ်စုံတစ်ရာရှိပါက အိမ်ရှင်အား အကြောင်းကြားခြင်း
- အိမ် သို့မဟုတ် တိုက်ခန်းကို ပြောင်းလဲမှုတစ်စုံတစ်ရာ မလုပ်မီ ကြိုတင်ခွင့်တောင်းခြင်း
- အိမ်မှ မထွက်မီ၊ အများအားဖြင့် လေးပတ်ကြိုတင်၍ အိမ်ရှင်အား ပြည့်စုံလုံလောက်စွာ အချိန်ပေး အကြောင်းကြားခြင်း
- အိမ်တွင်နေထိုင်မည့်သူ အရေအတွက်သည် ဥပဒေကန့်သတ်ချက် ပမာဏအတွင်းရှိရန် သေချာစေခြင်း။ အိမ်ကို ထပ်ဆင့် ငှားရမ်းခြင်း သို့မဟုတ် ရေရှည်ကာလအတွက် ဧည့်သည်များ နေထိုင်ခြင်း မပြုရပါ။
- အိမ်နီးနားချင်းများအပေါ် ထောက်ထားညှာတာခြင်း
- အိမ်ငှားခြင်းနှင့်ပတ်သက်ပြီး အငြင်းပွားမှုရှိခဲ့ပါက၊ လိုအပ်လာလျှင် အသုံးပြုရန်အတွက် ပြေစာများ နှင့် စာရွက်စာတမ်းများကို သိမ်းဆည်းထားခြင်း
- စာချုပ်သက်တမ်း မကုန်ဆုံးမီ ထွက်ခွာခဲ့လျှင် ပြစ်ဒဏ်ကြေးတစ်စုံတစ်ရာကိုပေးခြင်း တို့ဖြစ်ပါသည်။






## အိမ်ရှင်များ၏ တာဝန်ဝတ္တရားများ

- အိမ်လခကို တိုးမြှင့်ခဲ့ပါက သင့်တင့်စွာ ကြိုတင်သတိပေး အကြောင်းကြားခြင်း
- ဥပဒေအရ နှင်ထုတ်လိုပါက သင့်တင့်စွာ ကြိုတင်သတိပေး အကြောင်းကြားခြင်း
- လိုအပ်မှုရှိသလို အပျက်အစီးများကို အချိန်မီ ပြုပြင်ပေးခြင်း
- အကယ်၍ အိမ်ရှင် သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်က အိမ်ကို စစ်ဆေးရန် သို့မဟုတ် မည်သည့်အကြောင်းကြောင့်အတွက်မဆို သင့်အိမ်အတွင်း ဝင်ရောက်ရန် ရည်ရွယ်ပါက၊ စနစ်တကျ ကြိုတင်သတိပေး အကြောင်းကြားခြင်း
- အကယ်၍ အိမ်ငှားစာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များအားလုံးကို လိုက်နာဖြည့်ဆည်းခဲ့လျှင် သင့် အိမ်လခ အာမခံကို ပြန်အမ်းခြင်း တို့ဖြစ်ပါသည်။

## ဘေးကင်းလုံခြုံမှု


- သင့်အိမ် တံခါးများ နှင့် ပြတင်းပေါက်များကို သော့ခတ်ပါ
- ထမင်းမချက်သည့်အခါများ၌ မီးဖိုကို မီးငြိမ်းထားပါ
- မီးလှန့် အချက်ပေးကိရိယာများ အလုပ်လုပ်မှုကို သေချာစေခြင်း – ဓာတ်ခဲများကို ပုံမှန် (၆ လ တစ်ကြိမ်) လဲပေးပါ။

## အိမ်ရာ စစ်ဆေးမှုအတွက် ဆောင်ရွက်ရမည့်စာရင်း

### သင့်ထံ၌ ကောင်းမွန်သော အိမ်ငှားရမ်းသည့် အတွေ့အကြုံရှိရန် အောက်ပါ ဆောင်ရွက်ရမည့်စာရင်းကို အသုံးပြုပါ

- ☐ သင့်အိမ်နီးပတ်ဝန်းကျင်နှင့် အကျွမ်းဝင်နေမှုကို ထားရှိပြီး၊ မိမိအိမ်အနီး၌ မည်သည့် **ကျောင်းများ၊ ခရီးပို့ဆောင်ရေး နှင့် ဆိုင်များ** တည်ရှိနေသည်ကို သိထားပါ
- ☐ အိမ်ငှားစာချုပ် **ကာလသက်တမ်း**ကို သိထားပါ
- ☐ သင် **အိမ်လခ ပေးရမည့်** ပမာဏ၊ မည်မျှတစ်ခါက် ပေးရမည် နှင့် မည်သည့်အချိန်မတိုင်မီ ပေးရမည်တို့ကို သိထားပါ
- ☐ သင်ပေးရန် လိုအပ်လိမ့်မည့် **အိမ်လခ အာမခံ** ပမာဏ (အများအားဖြင့် လေးပတ်စာ အိမ်လခ) ကို သိထားပါ
- ☐ အိမ်ငှားစာချုပ် ကာလသက်တမ်း မကုန်ဆုံးမီ **ထွက်သွားခြင်း**အတွက် ပြစ်ဒဏ်ကြေးတစ်စုံတစ်ရာ ပေးရခြင်းရှိ၊ မရှိကို သိထားပါ
- ☐ အိမ်ရှင် နှင့် အိမ်ငှား **တာဝန်ဝတ္တရားများ**ကို သိထားပါ
- ☐ **မရှိမဖြစ် အိမ်ရာ ဝန်ဆောင်မှုများ** (လျှပ်စစ်မီး၊ ရေ၊ ဓာတ်ငွေ့၊ တယ်လီဖုန်း) ကို ချိတ်ဆက်ယူရန် စီစဉ်ပါ
- ☐ သင့်**ကလေးများ**အား ကြီးကြပ်ထိန်းသိမ်းပါ
- ☐ သင့်မှာ ရှိနေနိုင်သော **တိရစ္ဆာန်များ**အား ကြည့်ရှုစောင့်ရှောက်ပါ
- ☐ သင့်အိမ် နှင့် ခြံကို သပ်ရပ်၊ **သန့်ရှင်းစွာ** ထားထားပါ
- ☐ အိမ်နီးချင်းများအား အနှောင့်အယှက်မဖြစ်စေရန် **အသံဗလံ**များကို နှိမ့်ချထားပါ
- ☐ **အမှိုက်သရိုက်များ**ကို အမှိုက်သိမ်းပုံးတွင် ထည့်ပြီး၊ တစ်ဖန်ပြန်လည်အသုံးပြုနိုင်ရာ ပစ္စည်းများကို တစ်ဖန်ပြန်လည်အသုံးပြုနိုင်သည့် ပစ္စည်းများပုံးတွင် ထည့်ပါ



ဤစာမျက်နှာကို ရည်စူး၍ အလွတ်ထားခြင်းဖြစ်သည်

Australian Government
Department of Social Services

သြစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း
မှ ပို့ချပေးသည်။

IOM • OIM